

သိရိ(တောင်ကြီး)

# အင်းရေပြင်ကို
# သက်သေပြုကာ

# အင်းရေပြင်ကို သက်သေပြုကာ

## သိရ်(တောင်ကြီး)

### အခန်း(၁)

ထိုနေ့ မနက်ပိုင်း အိပ်ရာစောစောထပြီး ထွက်လာလိုက်တာ မှန်သွားတယ်လို့ မောင်နွေဦး တွေးတယ်။ အင်းရေပြင်ကျယ် လမ်းပေါ်တစ်လျှောက် စက်လှေတွေ ပြည့်နှက်နေပြီး ဥဒဟို သွားလာနေကြရဲ့။ အင်းလေးကန် ဖောင်တော်ဦးဘုရားများ ဒေသစာရီ ကြွချီအပူဇော်ခံလှည့်လည်ခြင်း ပွဲတော်ကြီး ပထမရက် ကျောင်းတော်ဆင်းပွဲကို အနယ်နယ်အရပ်ရပ်ရှိ ပြည်သူများ ဘုရားဖူးလာကြခြင်း ပင်။

မောင်နွေဦး ကလေးဘဝထဲက စပြီး အင်းလေးဘုရားပွဲကိုနှစ်စဉ် လည်ပတ်လေ့ရှိပြီး၊ လူပျိုပေါက်အရွယ် အထက်တန်းကျောင်းသား ဘဝမှာလည်း ဆိုင်ကယ်တွေစီးရင်း သူငယ်ချင်းများနဲ့ အတူ လည်လေ့ရှိတယ်။ ယခု အထက်တန်းအောင်မြင်ပြီးချိန် အင်းထဲမှာ ညအိပ်ပြီး၊ မနက်စောစော ဘုရားပွဲကို လာရောက်လည်ပတ်ကာ အတွေ့အကြုံရှာခြင်းလည်း ဖြစ်တယ်။

မနက်စောစော မျက်နှာသစ်ပြီးတာနဲ့ ကြာတောရွာလေး ကနေ ထွက်လာလိုက်တယ်။ မနက်ပိုင်း ၃ နာရီ၊ ၄ နာရီ လောက်ထဲက လူတွေ ထပြီး သွားလာပြင်ဆင်နေကြတာကိုလည်း ကြားရတယ်။ ကျောင်းတော်ဆင်းပွဲ အမီ ဘုရားဖူးရအောင် ဖောင်တော်ဦးဘုရား စံကျောင်းတော် ရှိရာ စက်လှေကို အပြင်းခုတ်မောင်း လာတယ်။ ဖောင်တော်ဦးဘုရားကို ရောက်တော့

စက်လှေ့ရပ်စရာ နေရာမရှိတော့ဘူး။ အဆင်ပြေသလို လှေတွေ ခုတ်ကူးပြီး လိုက်ပို့တဲ့လှေ ပြန်လွှတ်လိုက်ရတယ်။ ဘုရား ရင်ပြင်တော်မှာလည်း လူ ဧည့်ပရိသတ်တွေ သောင်းပေါင်းများစွာ ဘုရားဖူးဖို့ အသင့်စောင့်ဆိုင်းနေ ကြတာ ပြည့်နှက်နေတာ၊ တချို့များ အဝေးကနေ လာဖူးကြတာ ဖြစ်တဲ့ အတွက် ဓမ္မာရုံမှာ ညအိပ်ပြီး ဖူးကြရတယ်။ မောင်နွေဦး အင်းထဲ ညအိပ် ညနေ ဘုရားမဖူးဘူးတဲ့အတွက် တက်ကြွ ရွှင်လန်းနေမိတယ်။

မနက်စာ စားပြီးတော့ ဈေးဆိုင်တန်းတွေ လူအုပ်ကြားတွေထဲ တိုးဝှေ့ပြီး၊ ဘုရားတက်ဖူးဖို့ စောင်းတန်းပေါ် တက်ဖို့ လူတိုးရာ "နှမချင်း စာနာပါဦး ရှင်၊ ဘာလို့ အတင်းတိုးနေတာလဲ" အသံကြားလို့ လှည့်ကြည့်လိုက်တော့ အင်းရိုးရာ ဝတ်စုံလေးနဲ့ ဆွမ်းတော်အုပ် ကိုင်ဆိုင်ထားပြီး စောင်းတန်းပေါ် တက်ဖို့ ကြိုးစားနေတဲ့ သူမကို စတင် မြင်တွေ့ရတယ်။ သူလည်း သူ့ဇောနဲ့ လောပြီး ကင်မရာကျောပိုးအိတ်နဲ့ မတော်တဆ သူမ ပခုံးကို တိုက်မိတာ လား သေချာ မမှတ်မိဘူး။ "တောင်းပန်ပါတယ် ခင်ဗျာ" ဆိုပြီး ပြုံးပြပြီး နှုတ်ဆက်လိုက်တော့ ကမ္ဘာပေါ်မှာ အလှပဆုံး နဂါးမျက်စောင်းကို လက်ဆောင်ရလိုက်တယ်။

သူမ ရုပ်ရည်က မျက်နှာ ဝိုင်းဝိုင်း၊ အသားဖြူဖြူ၊ အရပ်မပုလွန်း၊ မမြင့် လွန်း၊ အပြစ်ပြောစရာမရှိအောင်ပါပဲ။ အင်း တိုင်းရင်းသားရိုးရာ ဝတ်စုံ လေးနဲ့ ကြည့်ရတာ အလှပေါ် အယဉ်ဆင့်၊ တင့်တယ်စွာဖြင့် အင်မတန် ကျက်သရေများစွာ ပြည့်စုံနေတယ်။

လူအုပ်ကြားထဲ ရုတ်တရက် ကြောင်အမ်းအမ်း အသက်မဲ့သူတစ်ယောက် လို သူမကို လိုက်ကြည့်နေရာကနေ သတိဝင်လာပြီး သူမနောက်ကို ပြေး လိုက်ပြီး ကျောင်းဆောင်ပေါ် တက်ခဲ့တယ်။ သူမက ဘုရားဆွမ်းတော်ကပ် ဘုရားကန်တော့၊ ဆုတောင်း မေတ္တာပို့သခြင်းတွေကို အနောက်ကနေ သူမ

မသိအောင် ဓာတ်ပုံမှတ်တမ်းတင် နေမိတယ်။ ကျောင်းတော်တစ်ဝန်းလုံး လူပရိသတ်ပြည့်နှက်နေပြီး ကျောင်းတော်ဆင်းပွဲ ဘုရားဖူးနေကြခြင်း ဖြစ်တယ်။ တခြားဓာတ်ပုံတွေ လိုက်ရိုက်နေရင်း ကျောင်းတော်ဆင်းချိန် ကြုံကြိုက်တာမို့ အောက်မှာ စောင့်ဆိုင်းရင်း စက်လှေတစ်စီးမျှ ငှားမရတာကြောင့် အခက်ကြုံနေတယ်။ ထိုစဉ် သူမတို့ အဖွဲ့စက်လှေပေါ် တက်နေတာ လှမ်းမြင်ရတဲ့အတွက် ပြေးသွားပြီး အကူအညီ တောင်းကြည့်မိတယ်။

"ကျွန်တော် စက်လှေငှားတာမရလို့ ဘုရားဖူးဖို့ လမ်းကြုံလိုက်လို့ရလား၊ ကျသင့်သလောက် ပေးပါ့မယ်"

သူမက အဖော်တွေနဲ့ တိုင်ပင်လိုက်ပြီး လိုက်လို့ရကြောင်း ခေါင်းညိတ်အချက်ပြလို့ လှေပေါ်ချက်ချင်း ပြေးတက်လိုက်တယ်။ မောင်နွေဦး ရင်ထဲမှာ လည်း အပျော်တွေနဲ့ ဘုရားပွဲ လှည့်နေပြီ လေ ...။

"ကျွန်မတို့ စက်လှေက ရွာကနေ လာတာ၊ ဒါပေမဲ့ အစ်ကိုသွားချင်တဲ့ အင်းတိန်ကို အရင်လိုက်ပို့ပေးမယ်။ အပြန်မှာတော့ အင်းတိန်ကနေ ဖောင်တော်ဦးကို လှေကြုံရှာပြီး ပြန်ရမယ်။ လှေကြုံမတွေ့ရင်တော့ ကျေးရွာစဉ်တစ်လျှောက် လမ်းလျှောက် ပြန်မှ ရမယ်နော်။ လမ်းလျှောက်ရင်တော့ တစ်နာရီကျော်လောက် ကြာမယ်"

"ဟုတ်ကဲ့၊ ကျွန်တော့်ကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဘယ်လိုတောင် ကျေးဇူးဆပ်ရမလဲ မသိဘူး"

"မလိုပါဘူး အစ်ကိုရယ်၊ ကျွန်မတို့က အိမ်ရှင်တွေဆိုတော့ ဧည့်သည်ကို ကူညီပေးရမယ့် ထုံးစံရှိပါတယ်"

ဟု ချစ်စဖွယ်အပြုံးလေးနဲ့ ပြန်ပြောတာ ခုထိ မမေ့နိုင်ဘူး။ တိုင်းရင်းသားတွေရဲ့ ရိုးသားဖော်ရွေပြီး ချစ်စရာ ဓလေ့စရိုက်တွေကို မြင်တွေ့ခဲ့ရတယ်။

အင်းလေး ဖောင်တော်ဦးဘုရားများ ဒေသစာရီကြွချီလှည့်လည်ပွဲတော်ဟာ ရှမ်းပြည်နယ် တောင်ပိုင်းမှာ ရက်အရှည်ကြာဆုံးနဲ့ လူသိများ အထင်ရှားဆုံးသော ဘုရားပွဲတော်လည်း ဖြစ်တဲ့အတွက် ပထမရက် ကျောင်းတော်ဆင်းပွဲနှင့် နောက်ဆုံးရက် ကျောင်းတော်ကြီး ဝင်ပွဲတို့ဟာ လူဦးရေ သိန်းပေါင်းများစွာ လာရောက် လည်ပတ်လေ့ရှိပါတယ်။

ဖောင်တော်ဦးစံကျောင်းတော်မှ ရွှေအင်းတိန် စံကျောင်းတော် ရှိရာကို ဖောင်တော်အငယ်ဖြင့် ပင့်ဆောင်ခြင်းဖြစ်ပြီး လမ်းတစ်လျှောက် ကမ်းလုံးညွတ်မျှ ဘုရားဖူး ဧည့်ပရိသတ်များ တိုင်းရင်းသားပေါင်းစုံတို့သည် လူဦးရေ သိန်းကျော် အထိ အထူးများပြားတယ်။ ရွှေအင်းတိန် တံတားအနီး ကမ်းပေါ်တင်ပေးရင်း ထွက်ခွာသွားတဲ့ သူမတို့ စက်လှေ မမြင်ရတဲ့အထိ မျက်စိတဆုံး ကြည့်နေမိတယ်။ သူမရဲ့ နာမည်နဲ့ လိပ်စာတောင် မမေးထားမိတာ မှားတာပဲ၊ သူလည်း မတွေးတတ်ဘဲ ပျာယာခတ်ပြီး မေ့နေတာ၊ ထိုနှစ်က ပွဲတော်ပြီးဆုံးချိန် ကာလအထိ သူမ အရိပ်အယောင် နောက်တစ်ကြိမ် ထပ်မတွေ့ရတော့ဘူး။ ကံမကုန်ရင်တော့ ပြန်ဆုံမယ် သူ ရည်မှန်းထားရဲ့။

***

## အခန်း (၂)

တက္ကသိုလ် စတက်ချိန် သူ့စိတ်တွေ ရွှင်လန်း တက်ကြွနေတယ်။ ကျောင်းမောင်မယ်သစ်လွင်တွေဆုံပွဲမှာ အချောအလှ မိန်းကလေးများစွာ မြင်တွေ့ခဲ့ရပေမဲ့ တစ်ချိန်က မြင်တွေ့ခဲ့ဖူးတဲ့ သူမကို ခုထိမေ့မရဘူး။ ကျောင်းမှာ တွေ့တဲ့ နာမည်ကြီး အလှထိပ်ခေါင် မင်းသမီးတွေနဲ့ အစားထိုးရင်း အတိတ်ကိုမေ့ဖို့ ကြိုးစားကြည့်တယ်။ ဒါပေမဲ့ ပျော်စရာတွေက သက်သက်စီပဲလို့ သူထင်တယ်။

ဘာဖြစ်ဖြစ် ကျောင်းတက်ချိန်ကာလအတွင်း စာကိုလိုက်နိုင်အောင် ကြိုးစားမယ်လို့ ဆုံးဖြတ်ထားလိုက်တယ်။ ကျောင်းတက်ပြီး တစ်လနီးပါးကြာချိန်မှာ သူတို့ အတန်းထဲက နောက်ကျမှ ပြောင်းလာတဲ့ ကျောင်းသူသစ်တစ်ယောက် ရောက်လာချိန် အံ့သြဖို့ကောင်းစွာ သူမ ဖြစ်နေတယ်။

"မင်းတို့အားလုံးနဲ့ မိတ်ဆက်ပေးရမယ်။ သူမက ခုမှ ပြောင်းလာတဲ့ စုလှိုင်ဝင်းပါ။ စာသင်နှစ် အတွင်းမှာ သူငယ်ချင်း အချင်းချင်း မောင်နှမရင်းချာတွေလိုမျိုး တစ်ယောက်နဲ့တစ်ယောက်နဲ့ ချစ်ခင်စွာ ကူညီဖို့ လိုပါတယ်"

သူမနာမည်ကြားပြီးချိန် ဆရာမ ပြောပေးနေတာတွေ မကြားရတော့ဘူး။ အတန်းထဲ မိတ်ဆက်နေချိန် သူမ တွေ့သွားပြီး လှမ်းပြုံးပြလို့ ဝမ်းသာသွားတယ်။ စက္ကူလှေ့ရုပ်လေး ခေါက်ပြီးတော့ သွားပေးလိုက်တော့ သူမ အံ့သြသွားတယ်။ သူမကို သတိရမိတိုင်း အင်းလေးရေပြင်ကျယ်နဲ့ ဖောင်တော်ဦးဘုရားဖူးနေတဲ့ပုံလေးကို ကြည့်ရတာ အမော၊

"ငါ နင့်ကို တစ်ရက်မှ မေ့မရခဲ့ဘူး။ အမြဲတမ်း သတိရနေပါတယ်။ ကိုယ့်နာမည် မောင်နွေဦးပါ"

"တောင်ကြီးမှာ မွေးတာလား၊ ကျွန်မက အင်းလေးမှာ မွေးတာပါ။ သလဲဦးမှာ နေတယ်။ အားတဲ့အခါ လာလည်ပေ့ါ။ လိုက်ပို့ပေးမယ်"

သူမနဲ့ စတင်ဆုံစည်းခွင့်ပေးတဲ့ ကံကြမ္မာကို အရမ်းကျေးဇူးတင်တယ်။ ခဏလေးအတွင်းမှာ ငယ်ပေါင်း ကြီးဖော်တွေ အတိုင်းပဲ တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ် တွယ်တာမိကြတယ်။ သူ့ဘဝက လိုလေသေး မရှိအောင် ချမ်းသာတဲ့ အသိုင်းအဝိုင်းက မဟုတ်ပေမဲ့ သာမန်ထက်စာရင် အဆင်ပြေတယ်လို့ ပြောလို့ရတဲ့ လူလတ်တန်းစားထဲက ဖြစ်ပြီး၊ သူမတို့ မိသားစုက ဖောင်တော်ဦးမှာ အထည်ဆိုင် ဖွင့်ထားပြီး သူမ အဖေက စက်လှေမောင်းဆရာ လုပ်တယ်။ ကျောင်းမှာအတန်းတူတူ တက်ရင်း၊ ကျောင်းပိတ်ချိန်တွေမှာလည်း တောင်ကြီး၊ ညောင်ရွှေ၊ ကလော၊ ရပ်စောက်၊ ဖယ်ခုံတို့မှာ ရှိတဲ့ ထင်ရှားတဲ့ နေရာတွေကို သူမနဲ့အတူ သွားရောက်လည်ပတ်ဖြစ်ကြတယ်။ သူ့ရဲ့ အိန္ဒိယထုတ်၊ အင်ဂျင်ကြီးတဲ့ မော်တော်ဆိုင်ကယ်ကြီးနဲ့ အားလပ်ချိန်တွေတိုင်း လည်ပတ်ကြတာ ရှမ်းတောင်ရှိ တောင်ကြီးခရိုင်အတွင်း မြို့အတော်များများ ခြေရာချင်းလည်း ထပ်ခဲ့ပါပြီ။ ကျောင်းတက်ချိန် ပထမနှစ်အတွင်း သူမနဲ့ အခြေအနေ သိပ်တိုးတက်မှု မရှိဘဲ သူငယ်ချင်းထက် မပိုခဲ့ကြ။ ဖောင်တော်ဦး ဘုရားဖူးနေတဲ့ ဓာတ်ပုံလေးတွေ ပရင့်ထုတ်ပြီး သူမကို လက်ဆောင်ပေးမိတယ်။

***